မြန်မာအမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များကွန်ရက်

MYANMAR WOMEN PARLIAMENTARIANS NETWORK

# မြန်မာအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များကွန်ရက်၏ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ထုတ်ပြန်ကြေငြာချက်

ကြေငြာချက်အမှတ် ၃/၂၀၂၃
၈ ရက်နေ့ မတ်လ ၂၀၂၃ ခုနှစ်

၂၀၂၃ ခုနှစ်၊ မတ်လ၊ ၈ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ဒီမိုကရေစီအစိုးရထံမှ ပြည်သူ့အာဏာကို မတရားရယူသိမ်းပိုက်ခဲ့သော စစ်အာဏာရှင်ကို ဆန့်ကျင်တော်လှန်သည့် နွေဦးတော်လှန်ရေးတွင် ပြည်သူလူထုနှင့်အတူ ရှေ့တန်းမှပါဝင်နေကြသော မြန်မာအမျိုးသမီးများ၏ သတ္တိဗျတ္တိနှင့် ပါဝင်လှုပ်ရှားမှုများကို မြန်မာအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များကွန်ရက်မှ အလေးအမြတ်ပြုပါသည်။

မြန်မာ့ဒီမိုကရေစီပြန်လည်ရရှိရန် အသက်အန္တရာယ်ကို ပဓါနမထားဘဲ အကြမ်းမဖက်အာဏာဖီဆန်လှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်ကြသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် နယ်ပယ်အသီးသီးက နည်းလမ်းမျိုးစုံဖြင့် ရှုပ်ရှုပ်ချွံချွံပါဝင်လှုပ်ရှားနေကြသော မြန်မာအမျိုးသမီးထုအား ယနေ့အခါသမယတွင် ဦးညွှတ်ဂုဏ်ပြုလိုက်ပါသည်။

"ညီမျှခွင့်တူ ဖမ်းဆုပ်ယူ" ဆိုသည့် ယခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဆောင်ပုဒ်သည် ကျွန်ုပ်တို့ဦးတည်လျှောက်လှမ်းနေသည့် ဂျဲန်ဒါခွင့်တူညီမျှပြီး အားလုံးပါဝင်နိုင်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်နှင့်လည်း ကိုက်ညီလျက်ရှိပါသည်။

စစ်အာဏာရှင် ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသားလူမျိုးအသီးသီးမှ အမျိုးသမီးအများအပြား ပါဝင်လှုပ်ရှားနေမှုသည် ခွင့်တူညီမျှပြီး အားလုံးပါဝင်နိုင်ရေးပန်းတိုင်သို့ ချီတက်ရာတွင် သိသာထင်ရှားသည့် တိုးတက်မှုတစ်ရပ်လည်း ဖြစ်ပါသည်။

ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များမှ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များသည်လည်း စစ်အာဏာရှင်၏ ခြိမ်းခြောက်ရန်ပြုမှု အမျိုးမျိုးကြားမှ နည်းပညာနှင့် virtual platform များကိုအသုံးပြု၍ ချိတ်ဆက်စုစည်းကာ မြန်မာအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များကွန်ရက်ကို တည်ထောင်နိုင်ခဲ့ပြီး လွှတ်တော်တာဝန်များအပြင်၊ ဖက်ဒရယ်ကျောင်းများပေါ်ထွန်းလာရေး၊ ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီ

များနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိစေရေး၊ အုပ်ချုပ်ရေးယန္တရားများ လည်ပတ်နိုင်ရေး တို့ကို ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

ထို့ပြင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် ဂျဲန်ဒါတန်းတူညီမျှရမှုအား နိုင်ငံသားရပိုင်ခွင့်အဖြစ် အသိအမှတ်ပြုအာမခံမည့် ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်ပေါ်ထွန်းလာရေးတွင် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်နေပါသည်။

မြန်မာအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များကွန်ရက်သည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနှင့်အတူ ခွင့်တူညီမျှပြီး အားလုံးပါဝင်နိုင်သည့် ကမ္ဘာ့လူ့ဘောင်တစ်ရပ် ပေါ်ထွန်းလာရေးကို ဆက်လက်ဆောင်ရွက်သွားပါမည်။

Contact - **myanmar@wmpnetwork.org**

Website - **https://wmpnetwork.org**